ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

အုပ်ချုပ်ရေးသတင်းစဉ်

January 8 . 2023

(၈ / ၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် (တနင်္ဂနွေနေ့)

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့်တနင်္သာရီတိုင်း ဧရာဝတီတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များအစည်းအဝေး(၁/၂၀၂၃)ကျင်းပပြုလုပ်

ဓာ-၂

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် (တနင်္ဂနွေနေ့)

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့်ပြည်သူ့ရဲတပ်ဖွဲ့ အစည်းအဝေး(၁/၂၀၂၃)ကျင်းပပြုလုပ်

ဓာ-၃

မိဘပြည်သူများအနေဖြင့် စစ်ကောင်စီ၏ အကြမ်းဖက် ကျူးလွန်မှုများကို People's Reporter ၏ Page Messenger မှတဆင့် သတင်းပေးပို့ တိုင်ကြားနိုင်ပါတယ်။
https://www.facebook.com/peoplesreportermyanmar/

(၇.၁.၂၀၂၂)ရက်နေ့ ညနေ (၆) နာရီမှ(၈.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီအထိ ရရှိသည့် သတင်းများဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၈ ရက်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံ ဆွေးနွေးပွဲအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ် ခဲ့ရာ အစည်းအဝေး၌ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်မှ အမှာစကားပြောကြားရာတွင် ယနေ့ တက်ရောက်လာကြသော ကော်မတီဝင်များ၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဘေးကင်းရန်ကွာရှိကြပါစေကြောင်း၊ တော်လှန်ရေး နှစ်နှစ်တာ ကာလအတွင်း ဖွဲ့လုံ့လဖြင့်ဆောင်ရွက်ခဲ့ကြသည့် အခက်အခဲများ ရှိသော်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ယနေ့အထိကို ဖြတ်သန်းလာသည့်အတွက် အားလုံးနှင့်ထပ်တူ ဂုဏ်ယူပါတယ်ဟု ပြောကြားလိုကြောင်း၊ အုပ်ချုပ်မှုကို ဖော်ဆောင်ရာတွင် တစ်နှစ်မဟာဗျူဟာနှင့် ချိတ်ဆက်ပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုသည် အင်မတန်သိမ်မွေ့နက်နဲသည်ကို နိုင်ငံရေး ဖြတ်သန်းမှုအရ အားလုံးသိကြ မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုကြီးမားကြောင်း၊ တိုင်းရင်းသားမဟာမိတ် ဆက်ဆံရေးကို အားကောင်းရန်နှင့် အထူးအလေးထား ကြရန်လိုအပ်ကြောင်း၊ ဌာနမှ မူဝါဒ၊ လမ်းညွှန်ချက်များကို ချမှတ်ဆောင်ရွက်ပြီး မြေပြင်မှ လက်တွေ့ပေါင်းစပ်ဆောင်ရွက်မှုနှင့် လုပ်ငန်းများကို ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက် သွားရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများတည်ဆောက်နေသကဲ့သို့ အဖွဲ့အစည်းများ အကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုတစ်နှစ်တာအတွင်း နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ သံတမန်ရေး၊ စီးပွားရေး ဆိုင်ရာစသော ကဏ္ဍ(၅)ရပ်အား တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ကြရန် ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာနမှ ဗဟိုတိုင်ကြားစာကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက် ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မူဝါဒ၊ လမ်းညွှန်ချက် များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကာ အစည်းအဝေးကို (၁၂:၀၀) နာရီအချိန်တွင် ရပ်နားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ် ဦးဆောင်က၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယပြည်ထောင်စုဝန်ကြီးများ၊ အတွင်းဝန်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

"ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့လုပ်ငန်း လမ်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့"

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေးတိုင်းရှိ မြို့နယ်ပြည်သူ့လုံခြုံရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးမှုအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ မနက်(၀၈:၃၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ ဌာနမှ ရဲအရာရှိချုပ်များနှင့် တပ်ဖွဲ့များ၊ ဒုတိယဌာနမှူးကြီးနှင့် တပ်ဖွဲ့ခွဲမှူးများမှ နိုင်ငံတော်၏ အာဏာကို မတရား သိမ်းယူထားသည့် အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် အပေါင်းအပါများအား တရားစွဲဆိုနိုင်ရေး ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအလေးပေးဆောင်ရွက်ရန်၊ E-Police Stations ဖွင့်လှစ်ပြီး လုပ်ငန်း ဆောင်ရွက် သွားရန်၊ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သော မြို့နယ်ရဲတပ်ဖွဲ့ ၅ခုအတွက် ချထားပေးထားသည့် တပ်ဖွဲ့ရန်ပုံငွေများ နှင့် အခြားသောကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ တပ်ဖွဲ့များမှ ဌာနမှူးကြီးနှင့် တပ်ဖွဲ့မှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ မှ ရဲအရာရှိချုပ်နှင့် သက်ဆိုင်ရာအရာရှိများ၊ ဒုတိယ ဌာနမှူးကြီးများ နှင့် တပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ပြီး မနက်(၀၉:၃၀)နာရီအချိန်တွင် အောင်မြင်စွာ ရပ်နားခဲ့ ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်ထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများကို တရားလက်လွတ် အကြမ်းဖက်ခံရသည့်ဖြစ်စဉ်(အကျဉ်းချုပ်)

ကချင်ပြည်နယ် မိုးမောက်မြို့နှင့် နှစ်မိုင်ခန့်အကွာရှိ လုံဂျာတောင်နေရာသို့ စစ်ကောင်စီက ယမန်နေ့(ဇန်နဝါရီ ၇ရက်)နံနက်မှစတင်ကာ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းဖြစ်သည်။

လုံဂျာတောင်ကို KIA တပ်မဟာ (၃)၊ တပ်ရင်း(၁၅)က ထိန်းချုပ်ထားသည်။ ၂၀၂၂ နိုဝင်ဘာလကလည်း လုံဂျာတောင်ကို စစ်ကောင်စီက မြေပြင်မှ လာရောက်တိုက်ခိုက်ခဲ့ရာ အများအပြားသေဆုံးပြီးနောက် လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။တိုက်ပွဲကာလ ဆယ်ရက်ကျော် ကြာခဲ့သည်။ သို့သော် ယင်းနေရာကို မသိမ်းယူနိုင်ခဲ့ပေ။

စစ်ကောင်စီဝါဒဖြန့်မီဒီယာအချို့ကမူ လုံဂျာတောင်ကို သိမ်းယူနိုင်ခဲ့ကြောင်း သတင်းအမှား လွှင့်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီဘက်မှ ၈၀ဦးထက်မနည်းသေဆုံးခဲ့သည်ဟု KIA သတင်းရင်းမြစ်များက ထုတ်ပြန်ခဲ့သည်။

ဗန်းမော်မြို့နယ် ရွှေတောတွင်လည်း စစ်ကောင်စီနှင့် KIA၊ PDF ပူးပေါင်းအဖွဲ့ တိုက်ပွဲဖြစ်နေပြီး စစ်ကောင်စီတပ်က လေကြောင်းအသုံးပြုတိုက်ခိုက်နေသည်ဟု ဒေသခံများကပြောသည်။ဗန်းမော်မြို့ ၊သဖန်းပင်ရွာအနီး ဒေသအခေါ် ရွှေတောနေရာတွင် စစ်ကောင်စီနှင့် KIA၊ PDF ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ရက် နံနက်ကတည်းက တိုက်ပွဲဖြစ်ပွားနေခဲ့သည်။ စစ်ကောင်စီက လေကြောင်းမှ လာပစ်ခတ်နေ၍ ဒေသခံများသည် မြို့ပေါ်သို့ တိမ်းရှောင်လာခဲ့ကြသည်ဟု ဗန်းမော်မြို့ခံများကပြောသည်။

(ဇန်နဝါရီ ၇) နေ့လည် ၁နာရီခွဲအချိန်တွင် အာဏာသိမ်း စစ်ကောင်စီတပ်မှ တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် ဆောထိမြို့နယ်၊ ဘလောခိုကျေးရွာအုပ်စု၊ သစ်ခေါင်းကျေးရွာသို့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါပစ်ခတ်မှုတွင် ပြည်သူလူထုများ ထိခိုက်မှုမရှိသော်လည်း ထိတ်လန့်ကြောက်ရွံ့ပြီး အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဖော်ပြထားသည်။

သစ်ခေါင်းကျေးရွာတွင် အိမ်ခြေစုစုပေါင်း ၃၂ လုံး လူဦးရေ ၁၈၀ကျော်သာရှိသည့် ရွာငယ်လေးဖြစ်သည်။

စစ်ကောင်စီတပ်သည် KNU နယ်မြေများ၌ တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများ မကြာခဏ လုပ်ဆောင်လျက်ရှိသည်။

ဇန်နဝါရီ ၇ရက်ကလည်း KNU ဖာပွန်ခရိုင် တပ်မဟာ(၅)နယ်မြေ ဒေဘိုးနိဒေသသို့ တိုက်လေယာဉ်ဖြင့် ဗုံးများလာရောက်ကြဲချတိုက်ခိုက်ခဲ့၍ ဒေသခံတစ်ဦး ဒဏ်ရာရပြီး နေအိမ်နှင့် ကားထိခိုက်ပျက်စီးမှုရှိခဲ့သည်။

ဖားကန့်ရှိ ကျောက်စိမ်းမှော်အချို့ကို စစ်ကောင်စီစီးနင်းပြီး ရေမဆေးသမား ၂၀ထက်မနည်း ဖမ်းဆီး

ကချင်ပြည်နယ် ဖားကန့်မြို့မှ ကျောက်စိမ်းမှော်အချို့ကို စစ်ကောင်စီက ဝင်ရောက်စီးနင်းပြီးနောက် ရေမဆေးကျောက်ရှာဖွေသူ ၂၀ဦးထက်မနည်းကို ဖမ်းဆီးသွားသည်။

ဖားကန့်မြို့ မော်မောင်းလျန်နှင့် ဗလခမှော်ကို စစ်ကောင်စီတပ်က အင်အား ၅၀ ခန့်ဖြင့်ယမန်နေ့ (ဇန်နဝါရီ ၇ရက်)ညနေတွင် သေနတ်ပစ်ဖောက်ဝင်စီးနင်းပြီး ရေမဆေးကျောက်ရှာဖွေသူများကို ဖမ်းဆီးသွားခြင်း ဖြစ်သည်။

" အယောက် ၂၀ လောက်ဖမ်းသွားတယ်။ အပြစ်မရှိအပြစ်ရှာဖမ်းတာ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖားကန့်တွင် မြန်မာနိုင်ငံနေရာအနှံ့မှလာရောက်ပြီး ရေမဆေးကျောက်ရှာဖွေ အသက်မွေးသူ နှစ်သိန်းခန့် ရှိနေသည်။ စစ်ကောင်စီက ၎င်းတို့ကို မထောက်ခံသော ကုမ္ပဏီအချို့ကို ပိတ်သိမ်းခိုင်းခြင်း၊ ယန္တရားများအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေသည်။

ယခုအခါ ရေမဆေးကျောက်ရှာဖွေသူများကို အစမ့်ဝင်ရောက် ဖမ်းဆီးခြင်းဟု ဒေသခံများကပြောသည်။

ရောဝတီတိုင်း ပုသိမ်မြို့ အကျဉ်းထောင်မှာ ဇန်နဝါရီ ၅ရက်နဲ့ ၆ရက်နေ့တို့မှာ ဖြစ်ခဲ့တဲ့ အကြမ်းဖက်မှုတွေမှာ နိုင်ငံရေးအကျဉ်းသား ကိုဝေယံဖြိုးအပြင် နောက်ထပ် ကိုဝင်းမင်းထက် ဆိုသူ သေဆုံးခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသား အသိုင်းအဝန်းက ပြောပါတယ်။

ကိုဝင်းမင်းထက်ဟာ ကိုဝေယံဖြိုးနဲ့အတူ ဇန်နဝါရီ ၅ရက်နေ့ညက သီးခြားခွဲထုတ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရသူတွေထဲက တစ်ဦးဖြစ်ပြီး နောက်ဆက်တွဲရတဲ့ သတင်းတွေအရ သူဟာ အဲဒီညမှာကတည်းက သေဆုံးခဲ့တာလို့ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးထွန်းကြည်က ပြောပါတယ်။

ပဲခူးတိုင်း၊ သဲကုန်းမြို့ ကန်သာယာ ရေလည်ကျွန်း ဘုရားမှာ ငါးခိုးများနေတဲ့ အရပ်သား ၃ ဦးကို စစ်ကောင်စီတပ်သားတွေ သေနတ်နဲ့ ပစ်ခတ်ခဲ့လို့ တဦး သေဆုံးပြီး၊ နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဇန်နဝါရီ ၅ ရက်ည ၁၂ နာရီခွဲခန့်မှာ သဲကုန်းမြို့နယ် ညောင်ကုန်းရွာအနီးက ကန်သာယာ ရေလည်ကျွန်း ဘုရားမှာ ငါးခိုးများနေတဲ့ အရပ်သား ၃ ဦးကို စစ်တပ်က သေနတ်နဲ့ လိုက်ပစ်လို့ အသက် ၄၅ နှစ်အရွယ် ညောင်ကုန်းရွာသား ကိုဇော်လင်းမှာ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားတယ်လို့ ဒေသခံ တဦးက ပြောပါတယ်။

စစ်ကိုင်းတိုင်း၊ ကောလင်းခရိုင် ၊ ကောလင်းမြို့၊ မင်းတဲကြီးကုန်းရပ်ကွက်ထဲမှာ ဆိုင်ကယ်စီးအမျိုးသမီး ၂ ဦးကို စစ်ကောင်စီတပ်သားတွေက ပစ်ခတ်ဖမ်းဆီးချိန်မှာ သေဆုံးခဲ့တယ်လို့ သိရပါတယ်။

အဲ့ဒီအမျိုးသမီးတွေကို ဇန်နဝါရီလ ၇ ရက်မနေ့ကမနက် ၉ နာရီဝန်းကျင်မှာ စစ်ကောင်စီအဖွဲ့က စစ်ဆေးဖို့ လုပ်တဲ့အချိန် ဆိုင်ကယ်မောင်းပြေးတဲ့အတွက် နောက်ကနေပစ်ခတ်ဖမ်းဆီးခဲ့တာလို့ ဒေသခံတဦးကပြောပါတယ်။

သေဆုံးသူ အမျိုးသမီး ၂ ဦးဟာ အသက် ၅၀ ကျော်အရွယ်နဲ့ အသက် ၂၀ ကျော်အရွယ်တွေဖြစ်ပြီး ဘယ်သူဘယ်ဝါဆိုတာနဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ မသိရှိရသေးပါဘူး။

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ ပင်ဝယ်ကျေးရွာအနီးက ကားလမ်းမပေါ်မှာ စစ်ကောင်စီတပ်သားတွေက PDF နာမည်သုံးပြီး ဇန်နဝါရီလ ၇ ရက်ည ၆ နာရီဝန်းကျင်မှာ လမ်းကိုဖြတ်လာတဲ့ ကားတစီးကနေ ငွေကျပ် ၁၀ သိန်းကို ဓားပြတိုက်ယူသွားခဲ့တယ်လို့ သိရပါတယ်။

မန္တလေးမြို့ကနေ မြစ်ကြီးနားမြို့ကိုပြန်လာတဲ့ကားဖြစ်ပြီး ကားပေါ်ပါ ကားသမား ၂ ဦးဆီကနေ ပင်ဝယ်ကျေးရွာထဲမှာရောက်ရှိနေကြတဲ့ စစ်ကောင်စီတပ်သားတွေက အရပ်သားအဝတ်အစားတွေဝတ်ဆင်ကာ သေနတ်ထောက်ပြီး ဓားပြတိုက်ခဲ့တာဖြစ်တယ်လို့ Indaw Revolution-IR မှ တာဝန်ရှိသူတဦးကပြောပါတယ်။

အလားတူ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလထဲမှာလည်း ခမရ-၃၀၂ တပ်ရင်းမှ စစ်ကောင်စီတပ်သားတွေက ပင်ဝယ်ကျေးရွာအနီးက ကားလမ်းမပေါ်မှာဘဲ ခရီးသည်တင်ကားသမားတဦးဆီကနေ ငွေသိန်း ၃၀ ကို ဓားပြတိုက်ယူခဲ့သေးတယ်လို့ သိရပါတယ်။

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် စက္ကန့်ကျေးရွာမှ လူနေအိမ် ၈၂ လုံးကို စစ်ကောင်စီတပ်က မီးရှို့ ဖျက်ဆီးခဲ့ကြောင်း ချင်းအမျိုးသားအဖွဲ့ချုပ်(အထက်ချင်းတွင်းဒေသ)မှ ဇန်နဝါရီလ ၇ ရက်နေ့က ထုတ် ပြန်ထားသည်။

ဇန်နဝါရီလ ၅ ရက်နေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အင်အား ၅၀ ခန့်ရှိသော စစ်ကောင်စီတပ်သားများ စက္ကန့်ကျေးရွာသို့ဝင်ရောက်လာပြီး နေအိမ်ခုနစ်လုံးကို အကြောင်းမဲ့မီးရှို့ခဲ့ကာ ညနေပိုင်းတွင် တောင်ဖီလာ ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာသို့ ပြန်လည်ထွက်ခွာသွားကြောင်း ဆိုသည်။

ညပိုင်းတွင် စက္ကန့်ကျေးရွာသို့ လက်နက်ကြီးများဖြင့် ၁၀ ချက်နှင့်အထက် ပစ်ခတ်ခဲ့သောကြောင့် ရွာသား တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလ ၆ ရက်နေ့နံနက်ပိုင်းတွင် အင်အား ၈၀ ခန့်ရှိသော စစ်ကောင်စီတပ်သားများသည် စက္ကန့်ကျေး ရွာသို့ ပြန်လည်ဝင်ရောက်လာပြီး နေအိမ် ၇၅ လုံးကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့ပြီး တောင်ဖီလာရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ရိုဟင်ဂျာ ၁၈၅ ယောက်တင်လာတဲ့လှေ အင်ဒိုနီးရှား အာချေးကမ်းခြေကို ထိုးရောက်

ရိုဟင်ဂျာဒုက္ခသည် ၁၈၅ ယောက်ဟာ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်က ကမ်းခြေကို လှေနဲ့ တနင်္ဂနွေနေ့က ရောက်ရှိလာကြတယ်လို့ ဘေးအန္တရာယ်ဆိုင်ရာဌာန ဒေသခံတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

တနင်္ဂနွေနေ့ ဒေသအချိန် နေ့လည် ၂ နာရီခွဲလောက်က ရောက်လာကြတဲ့ ဒီအသုတ်မှာ တစ်ဝက်လောက်က အမျိုးသမီးတွေနဲ့ ကလေးတွေ ဖြစ်ကြတယ်လို့ အာချေးဘီဆာ ဘေးအန္တရာယ်ဌာန အကြီးအကဲ Ridwan Jamil က ရိုက်တာသတင်းဌာနကို ပြောပါတယ်။

Rondo ကျွန်းနားက ပင်လယ်ပြင်မှာ ရိုဟင်ဂျာ ဒုက္ခသည်တွေကို တင်ဆောင်လာတယ်လို့ သံသယရှိကြတဲ့ လှေသုံးစီးကို အာချေးက တံငါလှေတွေက တွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှား နိုင်ငံတော်ပိုင် Antara သတင်းဌာနက ထုတ်ပြန်ခဲ့ပါတယ်။ အခု ရောက်ရှိလာတဲ့လှေဟာ အဲဒီ သုံးစီးထဲက တစ်စီး ဟုတ်မဟုတ်ကတော့ မပြောနိုင်သေးပါဘူး။

၂၀၂၂ နှစ် အကုန်ပိုင်းတုန်းကလည်း လူ ၁၇၄ ယောက်ပါတဲ့ သင်္ဘောဟာ အာချေးကမ်းခြေကို ရောက်ရှိခဲ့ပါသေးတယ်။ ရိုဟင်ဂျာဒုက္ခသည် စခန်းကနေ ထွက်ပြေးကြသူ အရေအတွက်က အရေးပါပါ တိုးများလာနေတာကို လူ့အခွင့်အရေးအဖွဲ့တွေရဲ့ အစီရင်ခံစာတွေမှာ တင်ပြထားကြပါတယ်။ ဒါပေမဲ့ ဘာကြောင့် အခုလို အသုတ်လိုက် ထွက်နေကြသလဲ ဆိုတာကတော့ ကွဲကွဲပြားပြား မသိကြသေးပါဘူး။ အရှေ့တောင်အာရှ နိုင်ငံတွေမှာ ကိုဗစ် ကန့်သတ်ချက်တွေကို ပြန်ဖွင့်လိုက်တာက အကြောင်းတစ်ကြောင်း ဖြစ်လိမ့်မယ်လို့ တက်ကြွလှုပ်ရှားသူတွေကတော့ ထင်မြင်ကြပါတယ်။